
ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ (၆)

# တစ္ဆေလေးနဲ့
# သွေးစုပ်ဖုတ်ကောင်များ

သင်းမြဲမြဲကို

မြန် မာ ပြန် ဆို သည်




**The Fairground Ghost**

Based on a story by Felicity Everett
Retold by Lesley Sims
Illustrated by Alex de Wolf

mgype.com



ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ (၆)

# တစ္ဆေလေးနဲ့ သွေးစုပ်ဖုတ်ကောင်များ

သင်းမြမြကို

မြန် မာ ပြန် ဆို သည်

TMMK0006

1,500.00 KS

ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ (၆) - တစ္ဆေလေးနှင့် သွေးစုပ်ဖုတ်ကောင်များ။ သင်းမြမြကို
စာမျက်နှာ ၆၁ မျက်နှာ၊ ၁၄·၅ စင်တီ× ၂၀·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

ကျောင်းပိတ်ရက်ရှည်
ပုံပြင်ဇာတ်လမ်းများ(၆)

# တစ္ဆေလေးနှင့်
# သွေးစုပ်ဖုတ်ကောင်များ


## သင်းမြမြကို


မြန်မာပြန်ဆိုသည်

ပထမအကြိမ်၊ ၂၀၁၉


mgyoe.com

mgyoe.com
mgyoe.com


ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ (၆)
တစ္ဆေလေးနှင့်
သွေးစုပ်ဖုတ်ကောင်များ
သင်းမြမြကို
မြန်မာ ပြန်ဆိုသည်
The Fairground Ghost
Based on a story by Felicity Everett
Retold by Lesley Sims
Illustrated by Alex de Wolf




mgyoe.com


mgyoe.com

mgyoe.com

'ဂျိတ်စ်ပဲဟူးဗတ်' ကျောင်းကနေ အိမ်ကိုပြန်လာရင်း
လမ်းမှာ တစ်ယောက်ယောက်ထောင်ထားတဲ့ ဆိုင်းဘုတ်ကြီးတစ်ခုကို
သတိထားမိလိုက်တယ်။ သူက စိတ်လှုပ်ရှားလွန်းမိတော့ နှလုံးတွေခုန်တာတောင်
မြန်လာသတဲ့။ မြို့ထဲမှာ ပွဲဈေးတစ်ခု ကျင်းပမယ်လို့
ဆိုင်းဘုတ်မှာ ရေးထားတာကို ဖတ်လိုက်ရလို့ပါ။





ပွဲဈေးမှာ စိတ်ဝင်စားစရာ
စွဲဆောင်မှုဖြစ်စရာကောင်းတဲ့အရာတွေ
အမျိုးပေါင်း ၇၀ လောက်ပါမယ်လို့ ဆိုင်းဘုတ်မှာ
ရေးထားတယ်။ 'ဂျိတ်စ်'က ဒါကို ကြာကြာတောင်
မစောင့်ဆိုင်းချင်တော့ပါဘူး။

mgyoe.com

mgyoe.com

အဲဒီနေ့ညမှာ ဂျိတ်ခ်တစ်ယောက် စိတ်တွေအရမ်းလှုပ်ရှားနေတာပေါ့။ စိတ်လှုပ်ရှားတော့ သူက အိပ်လို့လည်းမပျော်တော့ဘူးပေါ့။ နောက်ဆုံးမှာ စနေနေ့ကို ရောက်လာတယ်။ ပွဲဈေးကို သူသွားခွင့်ရတော့မယ့်နေ့ပေါ့။ ပထမဆုံး ဂျိတ်ခ်က သူနဲ့အတူ အဖော်လိုက်မယ့်တစ်ယောက်ကို ရှာလိုက်တယ်။

''ဒက်ဒီက သားကို ပွဲဈေးလိုက်ပို့ပေးမှာလား''
ဂျိတ်ခ်က သူ့ဖခင်ကို မေးကြည့်တော့
သူ့ဖခင်က ပြန်ပြောတယ်။
''ငါ လိုက်မပို့နိုင်ဘူး ဂျိတ်ခ်၊ ဆောရီးပဲ ...၊
ငါ အခုအလုပ်တွေ မအားသေးဘူး''




ဂျိတ်ခ်ရဲ့ ဒက်ဒီက
သတင်းစာထဲမှာ
ခေါင်းမြှုပ်ပြီး စိတ်ဝင်တစားနဲ့
ဖတ်နေတာပေါ့။

mgyoe.com

mgyoe.com

ဒီတော့ ဂျိတ်ခ်က သူ့မိခင်ကိုမေးကြည့်ဖို့ ဆုံးဖြတ်လိုက်ပြန်တယ်။
"သားကို ပွဲဈေးလိုက်ပို့ပေးပါလား မာမီ"



ဂျိတ်ခ်ရဲ့မာမီက
ခေါင်းကိုတွင်တွင် ယမ်းခါပြီး
အခုလိုပြောပြန်သတဲ့။
"ဆောရီးပဲ ဂျိတ်ခ်ရေ ...၊
အမေ ပွဲဈေးကိုသွားဖို့
အချိန်မရှိဘူးကွဲ့"

mgyoe.com

mgyoe.com




ဒီအခါ ဂျိုတ်ခ်က စိတ်ညစ်ပြီး စောဒကတက်လိုက်တယ်။
"ပွဲဈေးမှာ ဆွဲဆောင်မှုရှိပြီး စိတ်ဝင်စားစရာကောင်းတဲ့အရာတွေ
အမျိုးပေါင်း ၇၀ လောက်ရှိတယ်"
ဒီအခါ အမေကလည်း ပြန်ပြောတာပေါ့။
"ဩော် ... ဟုတ်လား၊ အမေ့မှာလည်း အဝတ်လျှော်ပြီး
မီးပူတိုက်ဖို့အတွက် အဝတ်အစားတွေက အထည် ၇၀ လောက် ရှိနေတယ်ကွဲ့၊
မင်းအစ်မကို တစ်ချက် မေးကြည့်ပါလား၊ သူ ပွဲဈေးလိုက်ပို့ပေးမလားလို့"

mgyoe.com

mgyoe.com

ဂျိတ်ခ်ရဲ့အစ်မလုပ်သူ 'မာဆီရာ'က ပျင်းရိတတ်ပြီး တစ်ချိန်လုံး ဖုန်းတစ်လုံးနဲ့ပဲ အလုပ်ရှုပ်နေတတ်တဲ့သူတစ်ယောက် ဖြစ်တာကို ဂျိတ်ခ်က သတိထားမိလိုက်တယ်။ ဒါပေမဲ့လည်း မာဆီရာကို သေချာအောင်မေးဖို့ ဆုံးဖြတ်လိုက်တယ်။



မာဆီရာက မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေရာကနေ ဂျိတ်ခ်ဝင်လာတာကို တွေ့တော့ ''နင် ဘာလိုချင်လို့လဲ'' လို့ မေးလိုက်တယ်။

ဂျိတ်ခ်က ချိုသာစွာပြုံးရင်း အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်တယ်။

mgyoe.com

mgyoe.com

ပြီးမှ ထုံးစံအတိုင်း –
"သားကို ပွဲဈေးလိုက်ပို့ပေးမလား" လို့မေးလိုက်တယ်။
"အေး ... ခဏနေဦး၊
ငါ ဘရက်ဒ်ဆီကို ဖုန်းဆက်စရာရှိသေးတယ်" လို့
မာဆီရာက ပြန်ဖြေသတဲ့။



ဘရက်ဒ်က မာဆီရာရဲ့ ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်ပါ။
ဘရက်ဒ်နဲ့မာဆီယာတို့ ဖုန်းပြောပြီဆိုရင် အနည်းဆုံး
နာရီပိုင်းကြာတတ်တာကြောင့် ဂျိတ်ခ်က တစ်ချက်ညည်းညူလိုက်မိတယ်။

mgyoe.com

mgyoe.com

ဂျိတ်ခ်က စောဒကတက်ပြီး ထပ်ပြောတယ်။
"ပွဲဈေးက အခု စဖွင့်နေပြီ"
မာဆီရာက ဂျိတ်ခ်ကို တစ်ချက်ပြုံးကြည့်လိုက်တယ်။
ဂျိတ်ခ်က အလျှော့မပေးဘဲ "ပွဲဈေးက ဆယ်နာရီဆို ပိတ်ပြီ" လို့
အထွန့်ထပ်တက်လိုက်တယ်။ မာဆီရာကလည်း ဖုန်းကောင်းကောင်း
မပြောရလို့ ဂျိတ်ခ်ကို ဒေါကန်ပြန်သတဲ့။
"ဘရက်ဒ်ရေ ... ကျယ်ကျယ်ပြော၊ ဒီမှာ ကောင်းကောင်းမကြားရဘူး"



mgyoe.com

mgyoe.com

ဂျိတ်ခ်က အသက်ကိုရှူသွင်းပြီး စိတ်ထဲကနေ အမှတ်စဉ် တစ်ဆယ်ထိ ရေတွက်လိုက်တယ်။ နောက်တစ်ကြိမ် တစ်ဆယ်အထိရအောင် အမှတ်စဉ် ရေတွက်လိုက်ပြန်တယ်။ နောက်ဆုံးမှာတော့ မာဆီရာက ဖုန်းဆက်နေရာကနေ ဂျိတ်ခ်ကိုကြည့်လိုက်ပြီး ''ငါတို့နှစ်ယောက် နင့်ကို ခေါ်သွားပေးမယ်'' လို့ ပြောလိုက်သတဲ့။ ဒီအခါ ဂျိတ်ခ်က အရမ်းကိုပျော်သွားပြီး ခုန်ပေါက်အော်ဟစ်နေလိုက်တယ်။




ဂျိတ်ခ်က သူ့ရဲ့စုဘူးရှိရာကို အပြေးသွားလိုက်တယ်။ သူ့ရဲ့ ဝက်ရုပ်ပုံစုဘူးလေးထဲကနေ အကြွေစေ့အချို့ကို ဓားနဲ့ကလော်ထုတ်လိုက်တယ်။ သူ ပွဲဈေးကိုရောက်ရင် သုံးနိုင်အောင်လို့ပေါ့။

mgyoe.com

mgyoe.com

နာရီဝက်လောက်ကြာတော့ ဂျိတ်ခ်၊ မာဆီရာနဲ့ ဘရက်ဒ်တို့သုံးယောက်သား ပွဲဈေးဆီကို သွားလိုက်ကြပါတော့တယ်။ ပွဲဈေးမှာ မီးတွေက လင်းထိန်နေပြီး လူတွေကလည်း တပြုံးပြုံးနဲ့ ဟိုဒီလှည့်လည်လျှောက်ကြည့်နေကြတာပေါ့။ အချို့နေရာတွေမှာ နာမည်ကျော်ပေါ့ပ်သီချင်းတွေကို ဖွင့်လို့ပေါ့။




"လာ ... ဂျိတ်ခ်
ငါတို့ ရဟတ်သွားစီးကြရအောင်"
ဘရက်ဒ်က အကြံပေးတာကို
မာဆီရာက လက်မခံဘူး။



mgyoe.com

mgyoe.com



mgyoe.com

သူမက ခေါင်းခါပြပြီး ဘရက်ဒ်ကို တစ်ချက်စိုက်ကြည့်လိုက်တယ်။
ပြီးတော့ စိတ်မရှည်တဲ့လေသံနဲ့ အခုလိုပြောသတဲ့။
''နင်ကြိုက်တာ လုပ်နိုင်တယ် ... သဘောပဲ''
ဒီတော့ ဘရက်ဒ်ကက ''ငါတို့ အချစ်ဝင်္ကဘာဆိုတဲ့နေရာကို
သွားကြရအောင်'' လို့ ပြောတော့ မာဆီရာက သဘောတူလိုက်ပြီး
သူတို့နှစ်ယောက် ထွက်သွားကြပါတော့တယ်။




ဂျိုတ်ခ်အနေနဲ့ကတော့
စိတ်လှုပ်ရှားစရာကောင်းတဲ့အရာတစ်ခုကို
လုပ်ကြည့်ချင်တဲ့စိတ် ရှိနေသတဲ့။

mgyoe.com

mgyoe.com

ဒီတော့ သူက နောက်မှာတစ်ယောက်တည်းနေခဲ့ပြီး စိတ်ဝင်စားစရာ ၅ ခု
ပြသထားတဲ့နေရာတွေဘက်ကို အာရုံရောက်သွားပါတော့တယ်။
ဂျိတ်ခ်က စာကို အသေအချာဖတ်ကြည့်လိုက်တော့
'သရဲရထား'လို့ ရေးထားတာ တွေ့လိုက်ရတယ်။ ဂျိတ်ခ်က
စိတ်ဝင်စားစရာကောင်းမယ်လို့ ယူဆလိုက်တယ်။

